အာရှသားအမေရိကန်များနှင့် ပစိဖိတ်ကျွန်းသား လူမှုအသိုင်းအဝိုင်းများအား အားပေးထောက်ခံသည့် ထွက်ဆိုချက်

သို့
Austin ISD မိသားစုများ၊

ဂျော်ဂျီယာရှိ အဓိပ္ပာယ်ကင်းမဲ့၍ ကြောက်မက်ဖွယ်ကောင်းသည့် ပစ်ခတ်မှုသတင်းများသည် ကျွန်ုပ်တို့၏မိသားစုများနှင့် ဝန်ထမ်းများအတွက် ရှည်လျား၍နက်မှောင်သော အရိပ်တစ်ခု ဖုံးအုပ်လိုက်ခြင်းဖြစ်သည်ကို ကျွန်ုပ်တို့ သိပါသည်။ ကျွန်ုပ်တို့၏ အတွေးများနှင့် ဝမ်းနည်းပူဆွေးမှုများသည် ဒုက္ခခံစားရသူများ၊ ၎င်းတို့၏မိသားစုများနှင့် အာရှသားအမေရိကန်များနှင့် ပစိဖိတ်ကျွန်းသား လူမှုအသိုင်းအဝိုင်းများနှင့် အတူရှိပြီး ကျွန်ုပ်တို့သည် ၎င်းတို့နှင့်ထပ်တူ ကြေကွဲဝမ်းနည်းပါသည်။

အာရှသားအမေရိကန်များနှင့် ပစိဖိတ်ကျွန်းသား လူမှုအသိုင်းအဝိုင်းများကို ပစ်မှတ်ထား တိုက်ခိုက်မှုများသည် ဤကပ်ရောဂါ စတင်ချိန်မှစ၍ တိုးပွားလာနေခဲ့သည်ကို ကျွန်ုပ်တို့ သိပါသည်။ ရိုးရှင်းစွာပြောရပါက၊ ကျွန်ုပ်တို့သည် ထရပ်၍ ဤအကြမ်းဖက်မှုနှင့် ၎င်းကိုဖြစ်ပေါ်စေသော အမုန်းတရားအပြောအဆိုကို ပြစ်တင်ရှုတ်ချရမည်ဖြစ်သည်။

အာရှသားအမေရိကန်များနှင့် ပစိဖိတ်ကျွန်းသားများနှင့် ၎င်းတို့၏သမိုင်းတို့သည် အမေရိကနိုင်ငံအား ထူးခြားသည့်နိုင်ငံတစ်နိုင်ငံ ဖြစ်စေသည့် အဓိကအစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ ၎င်းတို့၏အောင်မြင်မှုများ၊ လူမှုအဖွဲ့အစည်းကို ခေါင်းဆောင်မှုနှင့် ပံ့ပိုးမှုတို့သည် မရေမတွက်နိုင်အောင် များပြားပြီး တန်ဖိုးမဖြတ်နိုင်သော အရာများဖြစ်သည်။ ယခု ဤနေရာမှ ကျွန်ုပ်တို့ ပြောလိုသည်မှာ-
ကျွန်ုပ်တို့သည် အာရှသားအမေရိကန်များနှင့် ပစိဖိတ်ကျွန်းသား လူမှုအသိုင်းအဝိုင်းများနှင့်အတူ ရပ်တည်သည်ဟူ၍ ဖြစ်သည်။

အမုန်းစကားများနှင့် အကြမ်းဖက်သည့်ရာဇဝတ်မှုများသည် အသိပညာ၊ နားလည်မှုနှင့် ထိတွေ့ဆက်ဆံမှုတို့အားဖြင့်သာ ကုသနိုင်သည့် ရောဂါတစ်မျိုးဖြစ်သည်။ Austin ISD တွင် ကျွန်ုပ်တို့သည် အများပါဝင်မှုရှိပြီး အားလုံးကိုလက်ခံကာ၊ အကြမ်းဖက်မှုကို တွေ့ရှိသည့်အခါ ပြစ်တင်ရှုတ်ချပြီး၊ ယခုကဲ့သို့အချိန်များတွင် ဒုက္ခခံစားရသူများကို ပံ့ပိုးပေးသည့် ကျောင်းသားဦးရေကို တည်ဆောက်ရန် နေ့စဉ်ဆက်လက် ကြိုးပမ်းပါမည်။

လေးစားစွာဖြင့်၊

Stephanie S. Elizalde, Ed.D.
ကြီးကြပ်သူ